ရှမ်းပြည်အတွင်းရှိမြစ်ချောင်းများအတွက် လုပ်ရှားမှုအဖွဲ့၏ သတင်းထုတ်ပြန်ချက်

၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၈ ရက်

**မှတ်တမ်းရုပ်ရှင်အသစ်၊ သံလွင်မြစ်တွင် တည်ဆောက်မည့် တာတမံစီမံကိန်းများကြောင့် ရှမ်းပြည်၏ အဖိုးမဖြတ်နိုင်သော ကျွန်းတစ်ထောင် ရေလွှမ်းတော့မည်**

ယနေ့ စတင်ပြသသည့် မှတ်တမ်းရုပ်ရှင်အသစ်သည် သံလွင်မြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သော နမ့်ပန်မြစ်ဝှမ်းတစ်လျှောက်တွင်ရှိသည့် ကျွန်းတစ်ထောင်မြေ (ကွန်ဟိန်) ဒေသရှိ အဖိုးမဖြတ်နိုင်သော သဘာဝအလှတရားများကို ဖော်ထုတ်ပြသခြင်းပင်ဖြစ်ပါသည်။ ရှမ်းပြည် (တောင်ပိုင်း) အတွင်း ဆောက်လုပ်မည့် အလွန်ကြီးမားလှသော မိုင်းတုံ ရေကာတာကြီးသည် အဆိုပါ ကျွန်းတစ်ထောင်မြေ၏ သဘာဝအလှတရားကို ပျောက်ကွယ်သွားအောင် ခြိမ်းခြောက်လျက် ရှိပေသည်။

"ကျွန်းတစ်ထောင် ရေလွှမ်းတော့မည်" မှတ်တမ်းရုပ်ရှင်သည် ကြည့်ရှုသူများအား ဆယ်စုနှစ်ပေါင်းများစွာကတည်းက ယခုအချိန်အထိ ပဋိပက္ခများ ဖြစ်ပွားလျက်ရှိနေသည့် ရှမ်းပြည် အလယ်ပိုင်း အလွန်ဝေးလံခေါင်သီလှသည့် ကွန်ဟိန်ဒေသသို့အရောက် ခေါ်ဆောင်သွားမည်ဖြစ်သည်။ နမ့်ပန်မြစ်ဝှမ်းဒေသအတွင်းရှိ လူသူများစွာ မြင်တွေ့ဖူးခြင်းမရှိသေးသော ရေတံခွန်များ၊ ရေစီးသန်သည့်နေရာများနှင့် ရှေးဟောင်းဘုရားကျောင်းကန်များကို မောင်းသူမဲ့ လေယာဉ်ငယ်များဖြင့် ရိုက်ကူးထားသည့် ပြကွက်များကို မိမိကိုယ်တိုင် ဝေဟင်ပေါ်မှ မြင်တွေ့ရသည့်အလား ကြည့်ရှုရမည်ဖြစ်ပါသည်။

ဒေသခံ တောင်သူလယ်သမားများနှင့် တံငါသည်များက အဆိုပါဒေသ၏ ကြွယ်ဝလှသည့် ယဉ်ကျေးမှု သမိုင်းကြောင်းများကို ပြန်လည်ပြောပြသည်ကို ကြည့်ရှုရပါလိမ့်မည်။ ထို့အပြင် လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုက မြန်မာ့တပ်မတော်၏ မြေပြင် မီးရှို့ဖျက်စီးမှုများ၏  ဆိုးရွားလှသည့် နောက်ဆက်တွဲ အကျိုးဆက်များကိုလည်း ရှားပါးသည့် သက်သေအထောက်အထား မှတ်တမ်းပြကွက်များတွင် ကြည့်ရှုရပါလိမ့်မည်။ ထိုစဉ်အခါက ထိုင်းနိုင်ငံသို့ ထွက်ပြေးခဲ့ရပြီး ယခုတိုင်အောင် မိမိနေရင်းဒေသသို့ မပြန်ရဲသေးသည့် ဒုက္ခသည်များကိုလည်း တွေ့ဆုံမေးမြန်းထားပါသည်။

မိုင်းတုံ ရေကာတာစီမံကိန်းအား ဆန့်ကျင်ကြောင်း ရှမ်းပြည်အနှံ့အပြားမှ အသံများကိုလည်း ကြားရပါသည်။ လျှပ်စစ်ဓာတ်အားများကို ထုတ်ယူကာ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံသို့ တင်ပို့သွားရန် တည်ဆောက်မည့် အလွန်ကြီးမားလှသည့် ရေကာတာကြီးသည် ကျွန်းတစ်ထောင်မြေဒေသ တစ်ခုလုံးကို ရေလွှမ်းသွားစေမှာဖြစ်ပါသည်။

"ကျနော်တို့ရဲ့ ကျွန်းတစ်ထောင်မြေကို ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် ထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။ တကယ်လို့ မိုင်းတုံ ရေကာတာကြီးကိုသာ ဆက်လုပ်နေမယ်ဆိုရင် ကျနော်တို့ရဲ့ အဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်တွေဟာ လုံးဝပျောက်ကွယ်သွားတော့မှာပါ" ဟု ရှမ်းသဘာဝပတ်ဝန်းကျင်အရေး လုပ်ရှားသူ စိုင်းခေးဆိုင်က ပြောပြပါသည်။

သံလွင်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အစိုးရအဖွဲ့သစ်က ပြီးခဲ့သည့်လတွင် ကြေညာခဲ့ပါသည်။ ရှမ်းတိုင်းရင်းသား နိုင်ငံရေး ပါတီများနှင့် လက်နက်ကိုင်အဖွဲ့များကလည်း အဆိုပါ စီမံကိန်းများကို သဘောမတူကြောင်း ကြေညာခဲ့ပါသည်။

ဤရုပ်ရှင်အား အများပြည်သူ ကြည့်ရှုနိုင်ရန်အတွက် ရန်ကုန်၊ တောင်ကြီးနှင့် ချင်းမိုင်မြို့များတွင် စတင်ပြသမှာဖြစ်ပြီး Thai Public Broadcasting Service ရုပ်သံလိုင်းတွင်လည်း ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ဤရုပ်ရှင်အား Shan State Rivers Facebook ပေါ်စက်တင်ဘာလ ၂၉ တွင်ကြည့်နိုင်သည်။

**ဆက်သွယ်ရန်ပုဂ္ဂိုလ်၊**

| | | |
|---|---|---|
| Nang Noon Voe | +95 9250 485 182 | |
| Nang Kham Naung | +95 9791 634 239 | |
| Sai Khur Hseng | +95 92 6436 2973 | +66 81 6722 031 |
| Nang Charm Tong | +66 81 630 6655 | |
| Ying Nong Awn | +66 94 606 2856 | |
| Sai Hor Hseng | +66 62 941 9600 | |